# တောဆင်ခမည်း

ကျနော်တို့ လူမျိုးတွေမှာ ထုံးစံတစ်ခုရှိတယ်။ ဘာလဲဆိုတော့ ကလေးငယ်တွေကို ကျန်းမာရေး ကောင်းအောင်ဆိုပြီး မိဘမဟုတ်တဲ့ အကြီးအကဲတွေကနေ (အဘိုး၊ ဘုန်းတော်ကြီး ) ပြီး အဆောင်သဘော လက်ဖွဲ့သဘော လက်ဆောင်ပေးတတ်တယ်။ ချည်ဆွဲကြိုးလေး လိုမျိုး၊ တရိစ္ဆာန် (ကျေးလက်တွေမှာတော့ ကြက်ပေါက်ကလေး ပေးလေ့ ရှိတယ်) လေးတွေ မွေးဖို့ ပေးတဲ့ အလေ့ရှိတယ်။ တက်နိုင်တဲ့ သူတွေ ကလဲ ရွှေနဲ့လုပ်ထားတဲ့ ဆွဲကြိုးကလေး၊ လက်စွပ်ကလေး ပေးလေ့ရှိတယ်။ အမှန်တော့ ကလေးငယ်တွေကို အသိအမှတ်ပြု လက်ဆောင်ပေးတဲ့ သဘောပါပဲ။ ကျေးလက်ထုံးစံ အတိုင်း ခမည်းပေးတဲ့ နေရာမှာလဲ ချစ်စရာ အပြိုင်အဆိုင်လုပ်လေ့ရှိပါတယ်။ ကပ်စီး လဲနည်း ကိုယ်ပေးတဲ့ ခမည်းဟာလည်း တန်ဖိုးကြီးတာဖြစ်စေချင်တဲ့ လူတွေကို အကြောင်းပြုပြီး မဖြစ်နိုင်တဲ့ ကြီးကြီးမားမား ကတိတွေ ပေးတတ်သူတွေကို တောဆင်ခမည်း ပေးတယ်လို့ပြောလေ့ ရှိတယ်။ ဆိုလိုတာက တောထဲက ဆင်ရိုင်းကို ခမည်းအနေနဲ့ ပေးလိုက်တယ်။ လိုချင်ရင်တော့ ကိုယ့်ဟာကို ဖမ်းယူပေါ့ ။

ခုလည်း စစ်အုပ်စုက ရုပ်တည်ကြီးနဲ့ ကြေငြာချက်တစ်ခုထုတ်လိုက်ပြန်ပါပြီ။ အဓိက ကတော့ လာမဲ့ မေလမှာ ဖွဲ့စည်းပုံခြေခံ ဥပဒေ အပေါ် လူထုဆန္ဒခံယူပွဲ လုပ်မယ်ဆိုတဲ့ အကြောင်းနဲ့၊ ၂၀၁၀ ခုနှစ်မှာ ရွေးကောက်ပွဲကျင်းပပြီး အာဏာစွန့်မယ် ဆိုတဲ့ အချက်နှစ်ခုပါပဲ။ ဆိုင်းမဆင့်၊ ဗုံမဆင့် ဘာကြောင့် ဒီလိုကြေငြာချက်တွေ ထုတ်ပြန်သလဲ ဆိုတာကိုချည်းကပ်ကြည့်တဲ့ အခါ အံ့သြဖွယ်ရာ ကောက်ကျစ်မှု တွေကို တွေ့ရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာ ဖိအားလျော့ကျရေး

စစ်အုပ်စုဟာ နိုင်ငံတကာဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တယ်၊ လက်နက်ကိုင် ဝင်ရောက်ဖို့ ကြိုးစားနေတယ် ဆိုတဲ့ နိုင်ငံတကားအပေါ် ဝါဒဖြန့် တိုက်ခိုက်နေပေမဲ့ လက်တွေမှာ နိုင်ငံတကာရဲ့ ရုပ်တည်မဲ့ ပုံစံကို အတိအကျ သဘောပေါက်ထားပြီး ဖြစ်ပါတယ်။ စီးပွာရေး ကျဆင်းမှုအခြေအနေအရ နိုင်ငံတကာ အနေနဲ့စစ်ရေးအရ အရေးယူဖို့ လက်ရှိအနေအထားမှာ လုံးဝ မဖြစ်နိုင်ကြောင်း သဘောပေါက်ထားပါတယ်။ စီပွားရေးပိတ်စို့ခြင်း၊ ပြည်ဝင်ခွင့် မပြုခြင်း စတဲ့ ဖိအားမျိုးသာ လုပ်ကိုင်ဖို့ ရှိတယ်ဆိုတာကို သိထားပါတယ်။ နိုင်ငံတကာရဲ့ ရပ်တည်ချက်ကလဲ အာဏာလွှဲပြောင်းရေးကိုသာ ဇောင်းပေးတိုက်တွန်းနေတာ ဖြစ်ပြီး၊ တဖက်က ကြည့်ရင် ဖွဲ့စည်းပုံရဲ့ အရေအသွေး ၊ တရားမျှတခြင်း ရှိမရှိ စတဲ့ အချက်တွေ ကို စိတ်ဝင်စာမှု မရှိဘူးလို့ ပြောလို့ ရပါတယ်။ နိုင်ငံတကာရဲ့ နောက်ထပ် တောင်းဆိုချက် တစ်ခုက အချိန်အတိအကျ သတ်မှတ်ပြီးလုပ်ဆောင်ရေး ပဲဖြစ်ပါတယ်။ ဒါကြောင့် RM ကို အချိန်အနား သတ်ပေးလိုက် တာဖြစ်ပါတယ်။

ဒါဟာဂမ်ဘာရီ ကို ဗီဇာချမပေးတဲ့ အကြောင်းတစ်ရပ်လဲ ဖြစ်ပါတယ်။ ကျနော့ တွက်ချက်မှု မလွဲရင် ဂမ်ဘာရီ ကို ၅ လပိုင်းကျော်သည် အထိအကြောင်းပြချက် အမျိုးမျိုးနဲ့ လှည့်ပတ်အချိန် ဆွဲနေဦးမှာ ဖြစ်ပါတယ်။ ဂမ်ဘာရီ ကို ပြည်ဝင်ခံတဲ့ အချိန်ဟာ ၂၀၀၇ ခုနှစ် စစ်တင်ဘာမှာ ဖမ်းစည်းထားတဲ့ နိုင်ငံရေး အကျဉ်းသား အားလုံးကို နိုင်ငံရေးပုဒ်မ မဟုတ်တဲ့ တခြား ပေါက်ကရ ပုဒ်မတွေ နဲ့ စီရင်ချက်ချပြီးချိန်၊ ဖွဲ့စည်းပုံ ကိုပြည်သူလူထုက လက်ခံကြောင်း၊ ၂၀၁၀ ရွေးကောက်ပွဲကို လူထုက လက်ခံကြောင်း ပြနိုင်တဲ့ အချိန်ရောက်မှ ဂမ်ဘာရီကို ပြည်ဝင်ခွင့် ပေးမယ်လို့ ထင်ပါတယ်။

သင်ပုန်းချေရေး

စစ်အုပ်စု အနေနဲ့ နှစ်ပေါင်း ၂၀ ကျော် တိုင်းရင်းသားပြည်သူလူထုအပေါ်မှာ၊ နိုင်ငံရေး ခေါင်းဆောင်တွေ အပေါ်မှာ ကျူးလွန်ခဲ့တဲ့ ပစ်မှု တွေ အများကြီးရှိပါတယ်။ ဒီမိုကရေစီ စနစ်ကို တကယ်ကူပြောင်းတဲ့ အခါမှာ စစ်အုပ်စုအထက်ပိုင်းခေါင်းဆောင်တွေ အနေနဲ့ ဒီအမှုတွေ ကို တရားဆိုင်ရဖို့ ရှိပါတယ်။ ဒီကိစ္စတွေ ကိုရှောင်တိမ်းဖို့ရာက လက်သိပ်ထို အာဏာလွှဲပြောင်းရေး နည်းလမ်း တစ်ခုထဲသာရှိတဲ့ အတွက်ကြောင့် RM ကို ကသုတ်ကရက် အကောင် အထည်ဖော်ဖို့ ကြိုးစား တာဖြစ်ပါတယ်။ ဒါမှသာ စစ်အုပ်စု အနေနဲ့ လွှတ်တော်ရဲ့ ၂၅% ကို ထိန်းချုပ်ထားနိုင်မှာ ဖြစ်ပါတယ်။ ဒါအပြင် ၁၉၉၀ ရွေးကောက်ပွဲ ရလာဒ်ကို တရားဝင် ကြေငြာခြင်း မရှိပဲ ကလိန်ကကျစ် ဖျက်သိမ်းလိုတဲ့ ဆန္ဒကိုလဲ တွေ့ရပါတယ်။ မေလ ဆန္ဒခံယူပွဲနဲ့ RM ကို ရှေ့ဆက်ဖို့ အတည်ပြုလိုက်တာနဲ့ တပြိုင်ထဲ ဒေါ်အောင်ဆန်းစုကြည် နဲ့ တွေ့ဆုံးဆွေးနွေးရေး ဆိုတဲ့ ဇာတ်မျောကိုလဲ အလိုလို ပြည်ဖုံးကား ချပြီးသား ဖြစ်ပါ လိမ့်မယ်။

၁၉၇၄ ၊ ၁၉၉၀ နောက် ၂၀၁၀

၁၉၇၄ တော်လှန်ရေးကောင်စီကနေ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ အသွင်နဲ့ မဲ တစ်ပုံး ထဲသာရှိတဲ့ ရွေးကောက်ပွဲကို ရုပ်တည်ကြီးနဲ့ ကျင်းပခဲ့ပါတယ်။ စစ်ဦးစီးချုပ် ဗိုလ်ချုပ်နေဝင်း ကနေ ပါတီခေါင်းဆောင်ကြီး ဦးနေဝင်း ထံအာဏာလွှဲပြောင်းပေးခဲ့ပါတယ်။ ဗိုလ်နေဝင်း ဦးဆောင်တဲ့ စစ်အုပ်စုရဲ့ မျက်လှည့်ပြပွဲကို ကျနော်တို့ ၂၆ နှစ်တိတိကြည့်ခဲ့ရ ပြီးဖြစ်တယ်။ ဗိုလ်စောမောင် ခေါင်းဆောင်တဲ့ စစ်အုပ်စု ဟာလဲ ၁၉၉၀ မှာ မဆလ ကနေ အသွင်ပြောင်းယူ ထားတဲ့ တစည ပါတီအားကိုးနဲ့ ၁၉၉၀မှာ နောက်တစ်ကြိမ် ရွေးကောက်ပွဲ ကျင်းပ ပေးခဲ့ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ NLD ပါတီကို အပြတ်အသတ် ရှုံးနိမ့်သွားတဲ့အတွက် မျက်နှာပြောင်တိုက်ပြီး လွှတ်တော်ခေါ် ယူရေးကို ရှူးချင်ဟန်ဆောင်ခဲ့ ပြန်ပါတယ်။ အဲဒီမျက်လှည့်ပွဲ ဟာလဲ နှစ်ပေါင်း ၂၀ နီးပါးကြာခဲ့ပါတယ်။ အခုတခါ ရွေးကောက်ပွဲကို ၂၀၁၀ မှာ ကျင်းပပေးမယ် ဆိုတဲ့ ကတိကို ချပြလိုက်ပြန်ပါပြီ။

ဗိုလ်နေဝင်း လိုလဲ ဗိုလ်ဦး မျက်လှည့်ပြလို့ မရ၊ ၁၉၉၀ ရွေးကောက်ပွဲလိုလဲ ပါတီတစ်ခုကို အားကိုးလို့ မရဆိုတာ သဘောပေါက်တဲ့ စစ်အုပ်စုဟာ ဒီတစ်ခါမှာတော့ ကြံ့ဖွတ်ကို ပွဲထုတ်မယ်လို့ ထင်ပါတယ်။ တစ်လျှောက်လုံး NGO ပါလို့ ရုပ်ပြထားတဲ့ ၄င်းတို့ရဲ့ လက်ကိုင် တုတ် အဖွဲ့အစည်းကို နိုင်ငံရေးအဖွဲ့ အသွင်ပြောင်းပြီး ရွေးကောက်ပွဲဝင်ဖို့ ကြိုးစားပါလိမ့်ဦးမယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ ၁၉၉၀ ရွေး ကောက်ပွဲ အတွေ့အကြုံအရ အခြားအတိုက်အခံ အဖွဲ့အစည်းတွေကို လွတ်လပ်စွာ စည်းရုံးခွင့်၊ မဲဆွယ်ခွင့်ပေးမယ် မထင်ပါဘူး။ တ ကယ်ရွေး ကောက်ပွဲ ကျင်းပဖို့ အချိန်ကပ်လာခါမှ နာမည်ကောင်းယူပြီး အထိန်းသိမ်းခံများကို ပြန်လွှတ် ပေးပါလိမ့်မယ်။ တကယ်လို့ ဒီလိုကောက်ကျစ်မှု အမျိုးမျိုးကို ကျော်လွှားပြီး အတိုက်အခံတွေ အာဏာရခဲ့တယ် ဆိုရင်လဲ စစ်အုပ်စုဟာ ၄င်းတို့ လမ်းကြောင်းကို ၁၉ ၉၀ ကနေ ပြန်စပါလိမ့် ဦးမယ်။ နောက်တချက်က ၁၉၉၀ တုန်းက စစ်အုပ်စုဟာ ၄င်းတို့ရဲ့ ဒေါက်တိုင်တွေကို ဒီနေ့ အချိန်လောက်ထိ မ မွေးမြူနိုင်သေးပါဘူး။ အခုအချိန်မှာတော့ စစ်အုပ်စုမှာ ဒေါက်တိုင် တော်တော် များများရှိနေယုံသာ မက စစ်အုပ်စုပိုင် လွှတ်တော်နေရာ ၂၅% နှုန်းနဲ့ ပေါင်းဖို့ ကြံ့ဖွတ်အတွက် နေရာ ၃၀% နှုန်းလောက်ကို ယုတ်မာမှု အမျိုးမျိုးသုံးပြီး ဖန်တီးနိုင်ဖို့ ၁၉၉၀ ကလောက် မခဲ ရင်းတော့ပါဘူး ။ ဒါဟာ လူထုရွေးချယ်တင်မြှောက်မှု အမည်ခံထားတဲ့ စစ်အုပ်စုလက်အောက်မှာ ဆက်နေရဦးမယ် ဆိုတဲ့ အဓိပ္ပါယ်သာ ဖြစ်ပါတယ်။ စစ်အုပ်စုဟာ မျက်လှည့်ပွဲ အတွက် ပုံကလေး နဲ့ လင်ကွင်းလေး တီးကာ တီးကာ အချက်ပေးနေပြီဆိုတာ အားလုံး သတိရှိဖို့ လိုပါတယ်။

ဆန္ဒလုယူပွဲ

စစ်အုပ်စုဟာ ဆန္ဒခံယူပွဲ ကျင်းပပေးမယ်လို့ တရားဝင်ကြေငြာချက် ထုတ်ခဲ့ပါတယ်။ ပြည်သူလူထုအနေနဲ့ ဆန္ဒခံယူပွဲမှာ ဖွဲ့စည်းပုံ အ ခြေခံကို အတည်ပြုရမှာ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ အတည်ပြုမှုကို ရရှိပြီးမှသာ ရွေးကောက်ပွဲကို ဆက်လက်ကျင်းပဖို့ စီစဉ်ရမှာ ဖြစ်ပါတယ်။ အခုနောက် ထပ်ကြေငြာချက် တစ်ဆောင်အရ ၂၀၁၀ မှာ ရွေးကောက်ပွဲ ကျင်ပမှာ ဖြစ်တဲ့ အကြောင်း ကြေငြာလိုက်တဲ့အ တွက် ပြည်သူလူထုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို သဘောတူ ကိုတူရမှာ ဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ် သက်ရောက်စေပါတယ်။ ဆန္ဒခံယူပွဲ ဆိုတာထက် ဆန္ဒလု ယူပွဲသာဖြစ်ပါတယ်။ အချို့ အတိုက်အခံတွေက ဆန္ဒခံယူပွဲ အဖြေကိုစောင့်ကြည့်ဖို့လိုတဲ့ ဆိုတဲ့ သဘောထားရှိ တာကို ကြားရပါတယ်။ အမှန်တော့ ၂၀၁၀ မှာ ရွေးကောက်ပွဲ ကျင်းပပေးမယ်ဆိုတဲ့ ကြေငြာချက်မှာ မေလ ဆန္ဒခံယူပွဲရဲ့ အဖြေဟာ တစ်ခါထဲ ပါပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့ အနေနဲ့ ဆန္ဒခံယူပွဲ တစ်ခုအနေနဲ့ မမြင်ပဲ ဆန္ဒလုယူပွဲ တစ်ခု အနေနဲ့ အမြင်ရှင်းနေဖို့ လိုပါတယ်။ အခုအချိန်မှာ အတိုက်အခံ နိုင်ငံရေးသမားတွေနဲ့ ပြည်သူ တစ်ရပ်လုံးဟာ စစ်အုပ်စုရဲ့ သွေးရူးသွေးတန်း ထိုးတင်လာတဲ့ RM ကို ပြတ်ပြတ်သားသား ငြင်းဆန်ဖို့ လိုပါလိမ့်မယ်။ ဒါမှမဟုတ်ရင်တော့ ကျနော်တို့ အားလုံး နောက်တစ်ခါ လိမ်လည်တာကို လက် ပိုက်ကြည့်နေရဦးမှာဖြစ်တယ်။

အားစမ်းပွဲ

စစ်အုပ်စုဟာ မေလဆိုတဲ့ အချိန်အတိုင်းအတာ တစ်ခုကန့်သတ်ပြီး တိုက်ပွဲခေါ်ယူလိုက်တာ လဲဖြစ်တယ်။ ပြည်သူဟာ မေလမတိုင်ခင် RMကို ပြတ်သားတဲ့ ငြင်းဆန်မှုတွေ လုပ်မလာနိုင် ဘူး ဆိုပြီးတော့လဲတွက်ချက်တယ်။ ဘာကြောင့်မေ လကို ရွေးချယ်လဲလို့တွက်ချက်ကြည့် တဲ့ အခါ မေလဟာ သင်္ကြန်ပြီးကာစ အချိန်ဖြစ်တယ်။ လူငယ်အများစုဟာ သင်္ကြန်ကို စမြုံ့ပြန်ရင် ၊ သင်္ကြန်လက်ပမ်းကြမှုတွေကို ကုစားရင်း၊ သင်္ကြန်ပြဿနာတွေ ကိုဖြေရှင်းရင်း ပုံမှန်ဖြတ်သန်း နေကြဖြစ်တယ်။ နောက်တစ်ခုက မြန်မာပြည်ရဲ့ နေရာတိုင်းမှာ အပူလွန်နေတဲ့ အချိန်အခါ ဖြစ်တယ်။ သဘာဝ အခြေအနေကိုက လူထုတိုက်ပွဲကို တားမြစ်ထားတဲ့

ပုံစံမျိုးရှိနေတယ်။ ရွေးကောက်ပွဲတကယ်လုပ်တာ မလုပ်တာထက်၊ တရားမျှတမှု ရှိတာမရှိတာထက် ဖွဲ့စည်းပုံကို လူထုက သဘောတူထားတယ်၊ ရွေးကောက်ပွဲ လုပ်မယ်ဆိုတဲ့ ကတိ တရားဝင် ပေးထားတယ်ဆိုရင် နိုင်ငံတကာအနေနဲ့ အခုလောက် ဖိအားပေးမယ် မဟုတ်ဘူးလို့လဲ တွက်ချက်မှုတွေ ရှိနိုင်တယ်။ လူထုသဘောတူညီမှု ရထားပါတယ် ဆိုတဲ့ RM ကိုနိုင်ငံတကာ အစိုးရတွေ အနေနဲ့ ဝင်ရောက်စွက်ဖက်ဖို့ အခက်အခဲ ရှိနိုင်တယ်။

မှတ်ကျောက်

စစ်အုပ်စုဟာ ကတိပေးဖို့ ဆုံးဖြတ်ချက် ချတာနဲ့အတူ ၎င်း ကတိကို ဖောက်ဖျက်ဖို့ ပြင်ဆင်ထားတယ်ဆိုတာကို နှစ် ၂၀ အတွေ့အကြုံအရအားလုံးသိရှိထားပြီးဖြစ်တယ်။ စစ်အုပ်စု အနေနဲ့ ၎င်းတို့ရဲ့ ကတိစကားကို လေးနက်စေဖို့ အတိုက်အခံ နိုင်ငံရေးသမားအားလုံးကို ချွင်းချက်မရှိ လွှတ်ပေးဖို့ လိုပါတယ်။ အတိုက်အခံတွေရဲ့ RM ပေါ် သဘောထားကို ပြည်သူလူထုထံ လွတ်လွတ် လပ်လပ်တင်ပြခွင့် ပေးဖို့ လိုပါတယ်။ ဒ့ါအပြင် ၂၀၀၈ မေလ ကနေ ၂၀၁၀ အထိ နှစ်နှစ်တာ ကာလကို ပါတီအသီးသီးရဲ့ စည်းရုံးရေးကာလ အဖြစ်အသုံးချခွင့် ပေးဖို့လဲ လိုပါတယ်။ ဒ့ါအပြင် ၁၉၉၀ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ စစ်အုပ်စုရဲ့ သဘောထားနဲ့ ဘာကြောင့် ရွေးကောက်ပွဲအသစ် ကျင်းပရတယ် ဆိုတဲ့အကြောင်း ပြည်သူလူထုနဲ့ နိုင်ငံတကာကို ထုတ်ဖော်ပြောကြားဖို့ လိုပါတယ်။ စစ်အုပ်စုရဲ့ လူထုဆန္ဒ ခံယူပွဲနဲ့ ရွေးကောက်ပွဲကို အထက်ပါ စံတွေနဲ့ အကြို မှတ်ကျောက်တင်ကြည့်ဖို့ လိုပါလိမ့်မယ်။ ဒီမှတ်ကျောက်တွေမှ အတင် မခံနိုင်ဘူးဆိုရင်တော့ RM ကို တညီတညွတ်ထဲ ဆန့်ကျင်ဖို့ နှိုးဆော်လိုက် ရပါတယ်။

စစ်အုပ်စုကတော့ အာဏာလက်မလွှတ်ရေး မျှော်လင့်ချက်တွေ၊ တွက်ချက်မှုတွေ အပြည့်အသိပ်နဲ့ တောဆင်တစ်ကောင် ခမည်းပေးလိုက် ပြန်ပါပြီ။ ဆင်တစ်ကောင်ပိုင် ရတော့မယ်ဆိုတဲ့ ကလေးငယ် တစ်ယောက်ရဲ့ ရိုးသားတဲ့ မျှော်လင့်မှုမျိုးနဲ့ ကျေနပ် ကြမလား။ ဒါမှမဟုတ် လိမ်လည် ယုတ်မာမှု တစ်ခုအဖြစ် အမှန်တိုင်း မြင်ပြီး စစ်အုပ်စုရဲ့ စိန်ခေါ်သံကို လက်ခံ တုံ့ပြန်ကြမလားဆိုတဲ့ အမေးကို ကျနော်တို့ အားလုံး ချက်ချင်း အဖြေပေးဖို့ လိုနေပါပြီ။

မိုးထက်နေ